မုအ်မင်န် သက်ဝင်ယုံကြည်သူများအနက် အီမာန်

ယုံကြည်မှုအားဖြင့် အပြည့်ဝဆုံးသူမှာ ကိုယ်ကျင့်တရားအကောင်းဆုံးသူပင်ဖြစ်သည်။ သင်တို့အနက်

အကောင်းဆုံးသူမှာ အသင်တို့၏ အမျိုးသမီးများအပေါ်

အကောင်းဆုံးသူပင် ဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မုအ်မင်န်
သက်ဝင်ယုံကြည်သူများအနက် အီမာန် ယုံကြည်မှုအားဖြင့် အပြည့်ဝဆုံးသူမှာ
ကိုယ်ကျင့်တရား အကောင်းဆုံးသူပင်ဖြစ်သည်။ သင်တို့အနက် အကောင်းဆုံးသူမှာ
အသင်တို့၏ အမျိုးသမီးများအပေါ် အကောင်းဆုံးသူပင် ဖြစ်သည်။
[حسن] [رواه أبو داود والترمذي وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ လူတို့အနက်အီမာန်ယုံကြည်မှုအားဖြင့် အပြည့်ဝဆုံးသူမှာ ကိုယ်ကျင့်တရားအကောင်းဆုံးသူပင်ဖြစ်သည်။ ကောင်းမြတ်သည့်ကိုယ်ကျင့်တရား၏ စရိုက်လက္ခဏာမှာပြုံးရွှင်ချိုသာသောမျက်နှာရှိခြင်း၊ ကောင်းကျိုးပြုခြင်း၊ ကောင်းမွန်ချိုသာစွာစကားပြောခြင်း၊ ဘေးဒုက္ခများကို ကာကွယ်ပေးခြင်း စသည်တို့ဖြစ်သည်။ မုအ်မင်န်သက်ဝင်ယုံကြည်သူများအနက် အကောင်းဆုံးသူမှာ မိမိဇနီး၊ သမီး၊ အစ်မ၊ နှမ၊သားချင်းတော်စပ်သည့် အမျိုးသမီးများအပေါ် အကောင်းဆုံးသူပင် ဖြစ်သည်။အဘယ့်ကြောင့်ဆိုသော် သူမတို့သည် လူတို့အနက် ကောင်းမြတ်သည့် ကိုယ်ကျင့်တရားနှင့်ဆက်ဆံရန်အထိုက်တန်ဆုံးသူများဖြစ်ကြသည်။

https://sunnah.global/hadeeth/my/show/5792